National
Redress Scheme
For people who have experienced institutional child sexual abuse

အခ်က္အလက္စာရြက္

# နိုင်ငံလုံးဆိုင်ရာ နစ်နာဆုံးရှုံးမှုပြန်ကုစားရေး အစီအစဉ် ရယူရန် အခမဲ့ ပံ့ပိုးမှု

နိုင်ငံလုံးဆိုင်ရာ နစ်နာဆုံးရှုံးမှုပြန်ကုစားရေး အစီအစဉ် (National Redress Scheme) သည် ကလေး (အသက် ၁၈ နှစ်အောက်) အဖြစ်ဖြင့် အဖွဲ့အစည်းဆိုင်ရာ လိင်ပိုင်းပြုကျင့်ခံရသည့်သူများအတွက် ဖြစ်ပါသည်။

## လျှောက်ထားရန်အတွက် သင် မည်သည့်အကူအညီ ရနိုင်ပါသနည်း။

အကယ်၍ သင် နစ်နာဆုံးရှုံးမှုပြန်ကုစားရေးကို လျှောက်ထားရန် စဉ်းစားနေလျှင် မလျှောက်မီ၊ လျှောက်နေစဉ်အတွင်းနှင့် လျှောက်ပြီးနောက် သင့်အား ကူညီပေးနိုင်သည့် ပံ့ပိုးဝန်ဆောင်ဌာနများရှိပါသည်။

နစ်နာဆုံးရှုံးမှုပြန်ကုစားရေး ဝန်ဆောင်ဌာနသည် စိတ်ဒဏ်သင့်မှုကို အသိရှိပြီး ယဉ်ကျေးမှုအရ လုံခြုံကာ လွတ်မြောက်လာသူအပေါ် အလေးထားသည့် ဝန်ဆောင်ဌာနတစ်ခုဖြစ်ပြီး ၎င်းသည် နိုင်ငံလုံးဆိုင်ရာ နစ်နာဆုံးရှုံးမှုပြန်ကုစားရေး အစီအစဉ်အကြောင်း သင်နားလည်ရန် ကူညီပေးနိုင်သည်၊ သင့်ခံစားချက်များ အကြောင်း ပြောဆိုပေးနိုင်ပြီး လျှောက်လွှာလုပ်ငန်းစဉ် တစ်ခုလုံးအကြောင်းကို သင့်အား လမ်းညွှန် ပေးနိုင်ပါသည်။

နစ်နာဆုံးရှုံးမှုပြန်ကုစားရေး ချမှတ်ပေးခြင်းကို လျှောက်ထားခြင်းနှင့်တကွ လက်ခံခြင်းအကြောင်းနှင့် ပြန်ကုစားရေး ကမ်းလှမ်းချက် သည် သင့် ကိုယ်ပိုင် ငွေကြေးအပေါ် မည်သို့သက်ရောက်မှုရှိနိုင်သည်တို့နှင့် ပတ်သက်သည့် အကြံဉာဏ်အတွက် ဥပဒေဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ ပံ့ပိုးမှု ဝန်ဆောင်မှုများလည်း ရရှိနိုင်ပါသည်။

ဤဝန်ဆောင်မှုများ အားလုံးမှာ အခမဲ့ဖြစ်ပြီး လျှို့ဝှက်ဆောင်ရွက်ပေးကာ သီးခြား လွတ်လပ်ပါသည်။

သင်သည် အထောက်အပံ့ ဝန်ဆောင်မှုများကို **www.nationalredress.gov.au** တွင် ကြည့်ရှုခြင်းအားဖြင့်သော်လည်းကောင်း သို့မဟုတ် National Redress Scheme ကို ဖုန်း **1800 737 377** ဖြင့်ခေါ် ခြင်းအားဖြင့်သော်လည်းကောင်း ရှာဖွေနိုင်ပါသည်။

## ယုံကြည်ရသည့်သူတစ်ဦးထံမှ အကူအညီကို ရယူခြင်း

နစ်နာဆုံးရှုံးမှုပြန်ကုစားရေး ဝန်ဆောင်ဌာန သို့မဟုတ် သင် စိတ်ချယုံကြည်ရသူတစ်ဦးဦးအား သင့်ကိုယ်စား နိုင်ငံလုံးဆိုင်ရာ နစ်နာဆုံးရှုံးမှုပြန်ကုစားရေး အစီအစဉ်နှင့် ပြောဆိုရန် သို့မဟုတ် လုပ်ကိုင်ရန် အဆိုပြုသူတစ်ဦးအဖြစ် သင် ခန့်အပ်နိုင်သည်။ အကယ်၍ သင် အဆိုပြုသူတစ်ဦးကို ခန့်အပ်လိုလျှင် ထိုသူများက 'နစ်နာဆုံးရှုံးမှုပြန်ကုစားရေး ကိုယ်စားဆောင်ရွက်သူ ပုံစံ' ကို ဖြည့်စွက်ရန် လိုအပ်ပါမည်။

သင်သည် အဆိုပြုသူများ အကြောင်း ပိုမိုသိရှိရန်နှင့် ပြည်လည်တည့်မတ်ပေးရေး အဆိုပြုသူ ပုံစံ (Redress Nominee Form) ကို ဒေါင်းလုဒ် လုပ်ယူရန် www.nationalredress.gov.au တွင်ရရှိနိုင်ပါသည်။

## စကားပြန် အထောက်အပံ့

စကားပြန်တစ်ဦးထံမှ အကူအညီအတွက် ဘာသာပြန်နှင့်စကားပြန် ဝန်ဆောင်မှုဌာန (**TIS National)** ကိုဖုန်း. **131 450** ဖြင့်ခေါ်ပြီး National Redress Scheme ကိုဖုန်း 1800 737 377 ဖြင့်ဆက်သွယ်ပေးရန် သူတို့အား ပြောပါ။